# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 5 , 2022 Volume 56, Number 3


**၅.၇.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၆၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၇၅ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၀၆.၂ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၃၁၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၂၇.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၅၆.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၈၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၇၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၈.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၆၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရန်ကုန်မြို့တွင် အိမ်ခြံမြေအရောင်းအဝယ်များ အဝယ်လိုက်လာပြီး ဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာ

ရန်ကုန်မြို့တွင် အိမ်ခြံမြေအရောင်းအဝယ်များ အဝယ်လိုက်လာပြီး ဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာကြောင်း ရန်ကုန်မြို့အခြေစိုက် အိမ်ခြံမြေရောင်းဝယ်သူများထံမှ သိရသည်။

ဇွန်လကုန်ပိုင်းတွင် ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးကွက်မှာ အနည်းငယ်လှုပ်ခတ်လာပြီး ဈေးနှုန်းများမှာလည်း အနည်းငယ်မြင့်တက်လာကြောင်းသိရသည်။ “လက်ကြီးသမားတွေ ဝင်လာတယ်လို့ဆိုရမယ်။ အချို့ကသောင်းချီတန်မြေကွက်ကို ရောင်းပြီး ဆင်ခြေဖုံးမြို့နယ်တွေက အကွက်တွေကို လိုက်ဝယ်လာတယ်” ဟု ရန်ကုန်မြို့ရှိ အိမ်ခြံမြေရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ဈေးနှုန်းများမှာ သာကေတမြို့နယ်တွင် ရပ်ကွက်ပေါ်မူတည်ပြီးပေ ၂၀ ပေ ၆၀ တစ်ကွက်လျှင် ကျပ် သိန်း ၇၀၀ ခန့်အထိလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်းမကြီးဘေးရှိ ပေ ၂၀ ပေ ၆၀ တစ်ကွက်လျှင် ကျပ်သိန်း ၂၈၀၀ ခန့်အထိ လည်းကောင်း၊ ကမ္ဘာအေးဘုရားလမ်းဘေးနှင့် ဝင်ဒါမီယာရှိ အကွက်များဆိုလျှင် တစ်စတုရန်းပေ ကျပ်လေးသိန်းခန့်အထိရှိကြောင်း အိမ်ခြံမြေရောင်းဝယ်သူများထံမှ သိရသည်။

“အခုကအိမ်ခြံမြေဘက်မှာလည်း နည်းနည်းလှုပ်လာတယ်လို့ဆိုရမယ်။ ဒီနေ့ ရောင်းတဲ့အကွက်က နောက်တစ်လကျော်လောက်ကြာရင် ဈေးကနည်းနည်းတက်လာ တယ်။ တချို့နေရာတွေမှာတော့ ဈေးကအောက်ဈေးနဲ့ ရောင်းတာတွေရှိတယ်။ ဆင်ခြေဖုံးတွေမှာက ဈေးနည်းနည်းတက်တယ်။ တကယ့်နေရာကောင်းတွေမှာတော့ တချို့အကွက်တွေကို အောက်ဈေးနဲ့ရောင်းတာတွေရှိတယ်။ ဈေးတန်းက ခြုံပြော ရမယ်ဆိုရင် တချို့နေရာတွေမှာအောက်ဈေးနဲ့ ရောင်းတဲ့နေရာတွေရှိတယ်လို့ ပြောလို့ရတယ်” ဟု ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောကြားသည်။

လက်ရှိအခြေအနေများအရ အဝယ်လိုက်နေသည့်နေရာများမှာ ရန်ကုန်တိုင်းရှိ ဆင်ခြေဖုံးမြို့နယ်များရှိ မြေကွက်များဖြစ်ကြောင်း၊ တိုက်ခန်းအရောင်းအဝယ်များ ရှိသော်လည်း အများစုမှာဘဏ်ချေးငွေဖြင့် ဝယ်ယူသည့် တိုက်ခန်းအရောင်းအဝယ် သာရှိကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှသိရသည်။ “ဝယ်လက်က အသေး များတယ်။ အကြီးတွေလည်း ဝင်လာတာတွေရှိတယ်” ဟု ဆင်ခြေဖုံးမြို့နယ်ရှိ အိမ်ခြံမြေ အကျိုးဆောင်တစ်ဦးထံမှသိရသည်။

**Source:** https://news-eleven.com/article/233482

## ယခုဘဏ္ဍာနှစ် ဇွန် ၂၄ ရက်ထိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၀၈ သန်းရရှိ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန် ၂၄ ရက်ထိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၀၈ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရသိရသည်။

မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီးနှင့်မောတောင် နယ်စပ်ကုန်သွယ်ရေးစခန်းခြောက်ခုရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းသည် အိမ်နီးချင်းနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ အများဆုံးတင်ပို့ရောင်းချပေးနေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန် ၂၄ ရက်ထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၆၂ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၁၄ သန်း စုစုပေါင်းကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ဝ၃၆ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်း အနေဖြင့် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၀၈ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

ထိုသို့ ကုန်သွယ်မှုပိုငွေရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ရေထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချပေးနေရသောကြောင့်ဖြစ်ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## အိန္ဒိယ၏ ပဲလိုအပ်ချက် မြင့်မားနေသဖြင့် ပို့ကုန်မတ်ပဲဈေး မြင့်တက်လာ




အိန္ဒိယနိုင်ငံတွင် ပဲလိုအပ်ချက်မြင့်မားနေခြင်းကြောင့် ပို့ကုန်မတ်ပဲဈေးမှာ ယခုရက်သတ္တပတ်အတွင်း မြင့်တက်လာကြောင်းနှင့် အခြားပဲအမျိုးအစားများလည်း လိုက်ပါမြင့်တက်လာကြောင်း ပဲကုန်သည်များထံက သိရသည်။

ပို့ကုန်မတ်ပဲဈေးမြင့်တက်လာခြင်းနှင့်အတူ ပဲစင်းငုံဈေးလည်း လိုက်ပါမြင့်တက်လာပြီး ပဲတီစိမ်းမှာမူ ပုံမှန်ဈေးကွက် ပေါက်ဈေးဖြင့် အဝယ်သွက်နေကြောင်းသိရသည်။ "ပို့ကုန်ပဲအနေနဲ့ အဓိက မတ်ပဲဈေးကောင်းနေပါတယ်။ ငွေလက်ငင်းချေစနစ်တစ်အိတ်လျှင် ကျပ် ၁၆၅,၀၀၀၊ တစ်လဆိုင်းဆိုရင် တစ်အိတ် ကျပ် ၁၇၀,၀၀၀ ပေါက်ဈေးရှိပါတယ်။ ပဲစင်းငုံကလည်း တစ်အိတ် ကျပ် ၅၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။ သဘော်လည်းတင်ခါနီးဆိုတော့ အဝယ်လိုက်နေပါတယ်။ မတ်ပဲဈေးကတော့ ဆက်လက်မြင့်တက်နိုင်ပါသေးတယ်။ တရုတ်ဝယ်လက်တွေ မြေပဲဆံပြန်ပြီး အဝယ်ရှိလာတော့ ဈေးကျဆင်းမှုမရှိတော့ဘဲ တစ်ပိဿာ ကျပ် ၄၀၀၀-၄၂၀၀ ပေါက်ဈေးနဲ့ အဝယ်သွက်နေပါတယ်။ ပြည်တွင်းသုံးပဲ မာလိုင်းတွေကတော့ ပုံမှန် ဈေးကွက်အတိုင်းရှိနေပါတယ်။ ပဲနှမ်းဈေးကွက်တစ်ခုလုံးကို သုံးသပ်ရရင် ပို့ကုန်မတ်ပဲတစ်မျိုးသာ ဈေးအကောင်းဆုံးဖြစ်နေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောကြားသည်။

**ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်း**

အိန္ဒိယနိုင်ငံမှ ပဲလိုအပ်ချက်မြင့်မားနေတာကြောင့် ပို့ကုန်ပဲအမျိုးအစားအလိုက် အဝယ်ကောင်းနေပြီး ဇွန် ၃၀ ရက်တွင် မတ်ပဲတစ်အိတ် ကျပ် ၁၆၃,၀၀၀-၁၆၅,၀၀၀၊ ပဲတီစိမ်းရွှေဝါတစ်အိတ် ကျပ် ၁၅၄,၀၀၀ ပေါက်ဈေး ဖြစ်လာပြီး ပဲစင်းငုံမှာ တစ်အိတ်ကျပ် ၁၃၅,၀၀၀ ဖြင့် အဝယ်သွက်နေသည်။ မတ်ပဲဈေးမှာ တစ်အိတ် ကျပ် ၁၀,၀၀၀ ခန့် မြင့်တက်လာသလို ဆက်လက်မြင့်တက်နိုင်သေးကြောင်းလည်း ပဲကုန်သည်များက သုံးသပ် ထားသည်။

**မြေပဲ**

မြေပဲဆန်ဈေးအနည်းငယ်ကျဆင်းနေရာမှ တရုတ်ဝယ်လက်များ ပြန်လည်အဝယ်သွက်လာရာ ဇွန် ၃၀ ရက် တွင် S1 မြေပဲဆံတစ်ပိဿာ ကျပ် ၄၀၀၀-၄၃၅၀ ပေါက်ဈေး ပြန်ဖြစ်လာသည်။ အနီလုံးဆံနှင့် အခြား အမျိုးအစားများမှာ တစ်ပိဿာ ကျပ် ၄၂၀၀ ဈေးတန်းသို့ ပြန်လည်မြင့်တက်လာသည်။ မြေပဲဆီပေါက်ဈေးမှာ တစ်ပိဿာ ငွေကျပ် ၉,၀၀၀-၉,၅၀၀၊

နှမ်းဆီတစ်ပိဿာ ငွေကျပ် ၈,၀၀၀၊ စားအုန်းဆီမှာ တစ်ပိဿာ ကျပ် ၈၅၀၀ခန့် ပေါက်စျေးဖြင့် စျေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ကုလားပဲ V2 တစ်အိတ်ကျပ် ၁၅၁,၀၀၀ ဖြစ်ပြီး ကုလားပဲအမျိုး အစားအလိုက် တစ်အိတ်ကျပ် ၄၀၀၀ခန့် စျေးကျဆင်းသွားသည်။ ပဲယင်းတစ်အိတ် ကျပ် ၁၃၅,၀၀၀၊ ပဲကြီးတစ်အိတ် ကျပ် ၂၁၅,၀၀၀၊ ပဲထောပတ်တစ်အိတ် ကျပ် ၁၄၅,၀၀၀၊ စွန်တာပြာတစ်အိတ် ကျပ် ၁၃၃,၀၀၀၊ မြေထောက်ပဲတစ်အိတ် ကျပ် ၁၉၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ် ကျပ် ၃၀၀,၀၀၀ အသီးသီး ပေါက်စျေးရှိနေသည်။

**Source: Myanma Awba**

## တရုတ်နိုင်ငံ၏ အထည်ချုပ်လုပ်ငန်း ဇန်နဝါရီမှမေလအတွင်း ဝင်ငွေတိုးလာ

တရုတ်နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းသည် ယခုနှစ်ပထမငါးလအတွင်း လုပ်ငန်းလည်ပတ်သည့်ဝင်ငွေမှာ တိုးလာခဲ့ကြောင်း တရားဝင်အချက်အလက်များတွင်ဖော်ပြထားသည်။ ဇန်နဝါရီလမှ မေလအထိ တရုတ်နိုင်ငံ၏ အဝတ်အစားကုမ္ပဏီကြီး ၁၃,၀၅၃ ခုမှာ စုစုပေါင်း ယွမ် ၅၆၁ ဒသမ ၁ ဘီလီယံ(အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၉ ဘီလီယံခန့်) ရရှိခဲ့ပြီး နှစ်အလိုက် ၆ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါကုမ္ပဏီများ၏ စုစုပေါင်းအကျိုးအမြတ်သည် ယွမ် ၂၃ ဒသမ ၃ ဘီလီယံအထိ နှစ်အလိုက် ၄ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ထုတ်လုပ်မှုပမာဏပေါင်းသည် အထည်အရေအတွက် ၉ ဒသမ ၃ ဘီလီယံအထိ နှစ်အလိုက် ၀ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလမှမေလအထိ ကာလအတွင်း တရုတ်နိုင်ငံ၏ အဝတ်အထည်နှင့်ဆက်စပ်ပစ္စည်းများတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၂ ဘီလီယံအထိ ၁၀ ဒသမ ၂ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များတွင်ဖော်ပြထားသည်။

**Source:** https://xinhuamyanmar.com/mm-en/ne-220407005/

## တစ်ခါသုံးပလတ်စတစ် ထုတ်လုပ်ရောင်းချခြင်းကို တားမြစ်ပိတ်ပင်လိုက်သည့် အိန္ဒိယ

အိန္ဒိယ၏ မြစ်ချောင်းများတွင် ပလတ်စတစ်အမှိုက်များ များပြားလာခြင်းနှင့် ပလတ်စတစ်ကြောင့် တောရိုင်းတိရစ္ဆာန်များအဆိပ်သင့်ခြင်း စသည်တို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် တစ်ခါသုံးပလတ်စတစ် အများအပြား ထုတ်လုပ်ရောင်းချခြင်းတားမြစ်သည့်ဥပဒေအသစ်ကို ဇူလိုင်လ ၁ ရက်နေ့ သောကြာနေ့တွင်ချမှတ်ခဲ့သည်။ သို့ရာတွင် ဤအခြေအနေအတွက် မပြင်ဆင်ရသေးသော ထုတ်လုပ်သူများနှင့်သုံးစွဲသူများကြောင့် ယင်းဥပဒေကို အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း ကျွမ်းကျင်သူများကဆိုသည်။

အိန္ဒိယသည် တစ်နှစ်လျှင် ပလတ်စတစ်အမှိုက်တန်ချိန် လေးသန်းခန့် စွန့်ထုတ်နေပြီး ယင်းအနက် သုံးပုံတစ်ပုံခန့်သည် ပြန်လည်အသုံးပြုခြင်းမပြုဘဲ မြစ်ချောင်းများနှင့်အမှိုက်ပုံများတွင်သာ အဆုံးသတ်သွားကြောင်းသိရသည်။ နွားများပလပ်စတစ်မြို့နေလေ့ရှိသည့် မြင်ကွင်းများကိုလည်း အိန္ဒိယမြို့ကြီးများတွင်တွေ့ရလေ့ရှိပြီး Uttarakhand ပြည်နယ်မြောက်ပိုင်း သစ်တောများရှိ ဆင်များ၏ မစင်တွင်လည်း ပလတ်စတစ်များပါဝင်နေကြောင်း မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

အဆိုပါတားမြစ်ချက်အသစ်၌ ပလတ်စတစ်ဖြင့်ပြုလုပ်ထားသော အချိုရည်သောက်ပိုက်များ၊ ခွက်များနှင့်စီးကရက်ဘူးထုတ်ပိုးရာတွင်သုံးသည့် ပိုလစ်တလင်း ပလတ်စတစ်များပါဝင်သည်။ သို့သော်ပလပ်စတစ်အထုသုံးကာ ထုပ်ပိုးထားသည့် ထုတ်ကုန်များကိုမူ ကင်းလွတ်ခွင့်ပြုထားသေးသည်။

ဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ၂၀၁၈ ခုနှစ်၌ ထုတ်ပြန်ခဲ့သော ပထမဆုံးတားမြစ်ချက်အပြီးတွင် ပလတ်စတစ်များအသုံးပြုခြင်းကို အာဏာပိုင်များမှ ပြင်းထန်စွာ နှိမ်နှင်းသွားမည်ဖြစ်ကြောင်းပြောခဲ့သည်။ စစ်ဆေးရေးမှူးများသည် သောကြာနေ့မှစတင်၍ တင်သွင်းသူနှင့်ဖြန့်ဖြူးရောင်းချသူများ စည်းမျဉ်းများ ချိုးဖောက်ခြင်းရှိမရှိ လိုက်လံစစ်ဆေးကာ

တွေ့ရှိပါက အမြင့်ဆုံးဒဏ်ငွေ ရူပီး ၁ သိန်း( မြန်မာငွေကျပ် သိန်းတစ်ထောင့်သုံးရာကျော်) သို့မဟုတ် ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

CNA

Source: Popular News Journal

## STOCK EXCHANGE (5.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 287 | 2,123,800 | 33,109,694 | 245,012 |
| MTSH | 00002 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 689 | 1,821,200 | 38,929,150 | 103,162 |
| MCB | 00003 | 7,100 | -100 | -1.39% | 7,100 | 7,100 | 7,100 | 100 | 710,000 | 10,400,986 | 73,848 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 700 | 12,250,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 9 | 22,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,600 | 2,500 | 305 | 792,600 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


### Market summary

As of 5th Jul. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 344.77 | +0.52 | +0.15% | 344.25 | 346.52 | 344.25 | 2,090 | 17,720,100 | 7 | 599,772 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 5th Jul. 2022

| MYANPIX | 344.77 ▲ 0.52 |
|---|---|
| Total Volume (shares) | 2,090 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 599,772 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▲ 0 |
| MTSH | 00002 | 2,650 | ▲ 50 |
| MCB | 00003 | 7,100 | ▼ 100 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |